**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**အမျိုးသားအဆင့်ယဉ်ကျေးမှုအမွေအနှစ်ဒေသများ**
**ကာကွယ်ထိန်းသိမ်းရေးကော်မတီ**
**အမိန့်အမှတ် ၁၅ / ၂၀၂၀**

၁၃၈၂ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၆ ရက်

(၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၂၀ ရက်)

အမျိုးသားအဆင့်ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးကော်မတီသည် ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေပုဒ်မ ၅၃၊ ပုဒ်မခွဲ(ခ)အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်း **ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ယဉ်ကျေးမှုအမွေအနှစ်ဒေသကို ကာကွယ်ထိန်းသိမ်းနိုင်ရေးအတွက်** ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

၁။ ဤအမိန့်တွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **မြေယာရှုခင်းနယ်မြေ** ဆိုသည်မှာ ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းရှိ မြို့မြေနှင့်ရွာမြေမဟုတ်သည့် အခြားမြေများကိုဆိုသည်။ ယင်းမြေများတွင် ရှေးဟောင်းအဆောက်အအုံ၊ ရှေးဟောင်းနေရာ၊ လယ်ယာမြေ၊ မြစ်ချောင်းနှင့်သစ်တောများလည်း ပါဝင်သည်။

(ခ) **လူနေအခြေချနယ်မြေ** ဆိုသည်မှာ ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းရှိ မြို့မြေနှင့်ရွာမြေများကိုဆိုသည်။

(ဂ) **စောင့်ကြည့်ကာလ**ဆိုသည်မှာ တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်မည့်နေရာတွင် တူးဖော်မှုလုပ်ငန်းစတင်ချိန်မှ ရှေးဟောင်းသုတေသနဆိုင်ရာ အထောက်အထားတစ်ခုခုကို တွေ့ရှိ၍ ထိုတူးဖော်မှုလုပ်ငန်းများကို ရပ်ဆိုင်းစေသည့် အချိန်အထိ ရှေးဟောင်းသုတေသနပညာရှင်က စောင့်ကြည့်ကြီးကြပ်သော အချိန်ကာလကိုဆိုသည်။

(ဃ) **အရေးပေါ်ကယ်ဆယ်ရေး ရှေးဟောင်းသုတေသနလုပ်ငန်း** ဆိုသည်မှာ တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်မည့်မြေနေရာတွင် ရှေးဟောင်းသုတေသနဆိုင်ရာ အထောက်အထားတစ်ခုခုကို တူးဖော်တွေ့ရှိပါက ယင်းအထောက်အထားများကို မှတ်တမ်းရယူ၍ ဖယ်ရှားရန် သို့မဟုတ် နေရာရွှေ့ပြောင်းထိန်းသိမ်းရန် ဆောင်ရွက်သည့် ရှေးဟောင်းသုတေသနဆိုင်ရာ စမ်းသပ်တူးဖော်မှုနှင့်ထိန်းသိမ်းရေးလုပ်ငန်းကို ဆိုသည်။

(င) **တိုင်းဒေသကြီးထိန်းသိမ်းရေးကော်မတီ**ဆိုသည်မှာ မန္တလေးတိုင်းဒေသကြီး ယဉ်ကျေးမှုအမွေအနှစ်များ ကာကွယ်ထိန်းသိမ်းရေးကော်မတီကိုဆိုသည်။

(စ) **ဦးစီးဌာန** ဆိုသည်မှာ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာနကို ဆိုသည်။

၂။ တိုင်းဒေသကြီးထိန်းသိမ်းရေးကော်မတီသည် ယဉ်ကျေးမှုအမွေအနှစ်ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းနှင့် ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်း နေထိုင်သည့် ဒေသခံများ၏ လူမှုရေး၊ စီးပွားရေး၊ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဟန်ချက်ညီစွာဆောင်ရွက်နိုင်ရေးအတွက် အောက်ပါတို့ကို အခြေခံအချက်များအဖြစ် ကျင့်သုံးဆောင်ရွက်ရမည်-

(က) ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်း လုပ်ငန်းများ လုပ်ကိုင်ခွင့်ပြုရာတွင် ယဉ်ကျေးမှုအမွေအနှစ်များကို ကာကွယ်ထိန်းသိမ်းနိုင်ရန် အစဉ်သတိပြုရမည်။

(ခ) ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းတွင် ရိုးရာအစဉ်အလာလုပ်ငန်းများနှင့် ရိုးရာအတိုင်း မြေအသုံးချမှုကို ထိန်းသိမ်းစောင့်ရှောက်ရမည်။

(ဂ) အများပြည်သူနှင့်သက်ဆိုင်သည့်နေရာများ သို့မဟုတ် အများပြည်သူနှင့် တစ်စိတ်တစ်ပိုင်းအားဖြင့် သက်ဆိုင်သောနေရာများကို ကျူးကျော်မှုမရှိစေရန် ထိန်းသိမ်းစောင့်ရှောက်ရမည်။

၃။ မြေယာရှုခင်းနယ်မြေအတွင်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးထိန်းသိမ်းရေးကော်မတီသည် အောက်ပါအချက်များကို အခြေခံအချက်များအဖြစ် ကျင့်သုံးဆောင်ရွက်ရမည်-

(က) ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် မြေယာရှုခင်းနေရာကို ကာကွယ်ထိန်းသိမ်းရန် ဆောင်ရွက်ရမည်။ ယင်းသို့ဆောင်ရွက်ရာတွင် မူလမြေယာ၏ အသွင်အပြင်ကို ပြောင်းလဲရန် လိုအပ်ပါက မူလအသွင်အပြင် မပျောက်ပျက်နိုင်သည့် ပြောင်းလဲခြင်းမျိုးကို ဆောင်ရွက်ရမည်။ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ လယ်ယာမြေအခြားနည်းအသုံးပြုခွင့် လျှောက်ထားခြင်းများနှင့်သက်ဆိုင်သော လုပ်ငန်းကိစ္စများတွင် လယ်ယာမြေဥပဒေနှင့်အညီ ခွင့်ပြုချက်များ ရယူဆောင်ရွက်စေရမည်။

(ခ) မြေပေါ် မြေအောက် ရှေးဟောင်းအမွေအနှစ်များနှင့်ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းနိုင်ရန် ဆောင်ရွက်ရမည်။

၄။ လူနေအခြေချနယ်မြေအတွင်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးထိန်းသိမ်းရေးကော်မတီသည် အောက်ပါအချက်များကို အခြေခံအချက်များအဖြစ် ကျင့်သုံးဆောင်ရွက်ရမည်-

(က) ရိုးရာမူလပုံသဏ္ဍာန်များရှိသည့် ရင်ပြင်၊ လမ်း၊ ရေကန်စသည့် အများပြည်သူနှင့် သက်ဆိုင်သောနေရာများကို မူလပုံသဏ္ဍာန်အတိုင်း ထိန်းသိမ်းရမည်။ ပုံစံ၊ နယ်နိမိတ်နှင့်ဝိသေသလက္ခဏာများကို ပြောင်းလဲခြင်း၊ အစားထိုးခြင်း မပြုလုပ်ရ။

(ခ) ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းရှိ ဆောက်လုပ်ရေးလုပ်ငန်း လုပ်ကိုင်နေသော နေရာများတွင် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းမှုရှိရန် စီစဉ်ဆောင်ရွက်ရမည်။ ရှေးဟောင်းအဆောက်အအုံများအား ထိခိုက်ပျက်စီးမှုမရှိစေရန်နှင့် လုပ်ငန်းသုံး စွန့်ပစ်ပစ္စည်းများကို ယဉ်ကျေးမှု အမွေအနှစ်ဒေသပြင်ပသို့ စွန့်ပစ်နိုင်ရန် သတ်မှတ်ပေးရမည်။

၅။ တိုင်းဒေသကြီးထိန်းသိမ်းရေးကော်မတီသည် ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသသို့ ပြည်တွင်း၊ ပြည်ပ ဧည့်သည်များ ဝင်ရောက်နိုင်သည့် လမ်းကြောင်းများနှင့်စပ်လျဉ်း၍ အောက်ပါတို့ကို ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနတို့နှင့် ညှိနှိုင်းဆောင်ရွက်ပေးရမည်-

(က) ညောင်ဦးလေဆိပ်ကို တိုးချဲ့မှုမပြုလုပ်ရန်နှင့် ATR 72 လေယာဉ်အမျိုးအစား သို့မဟုတ် အလားတူလေယာဉ်မျိုးမှအပ ယင်းထက်ကြီးမားသော လေယာဉ်များဆင်းသက်ခြင်း မပြုရန်၊

(ခ) ပုဂံနှင့်အနီးအနားရှိ လေယာဉ်ကွင်းများအား အဆင့်မြှင့်တင်ရန်နှင့် ပုဂံဒေသသို့ လွယ်ကူစွာဆက်သွယ်နိုင်ရေး ညှိနှိုင်းဆောင်ရွက်ရန်၊

(ဂ) ညောင်ဦးမြို့သို့ ဆက်သွယ်ထားသော မီးရထားလမ်းများ အဆင့်မြှင့်တင်ရန်နှင့် အနီးပတ်ဝန်းကျင်ရှိ လေယာဉ်ကွင်းများနှင့်ဆက်သွယ်နိုင်ရေးညှိနှိုင်းပေးရန်၊

(ဃ) ရေနွေးငွေ့အင်ဂျင်သုံး ရထားများဖြင့်ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်း လှည့်လည်ကြည့်ရှုနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးရန်၊

(င) ဧရာဝတီမြစ်ကြောင်းမှ ပုဂံသို့ရေကြောင်းခရီးဖြင့် လာရောက်နိုင်မှုကို မြှင့်တင်ရန်၊ သင်္ဘောကြီးများကို ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်း ညအိပ်ရပ်နားခွင့်မပြုရန်၊

(စ) ဆိပ်ခံဘောတံတားများ၊ ရေကြောင်းနှင့် သက်ဆိုင်သည့် လုပ်ငန်းရပ်များအတွက် မဖြစ်မနေလိုအပ်သည့် အခြေခံအဆောက်အအုံများကို ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်း တည်ဆောက်လိုပါက အလွယ်တကူပြောင်းရွှေ့နိုင်သည့်ပုံစံမျိုးဖြင့် တည်ဆောက်ရန်၊ ဧရာဝတီမြစ်အနောက်ဘက်ကမ်းသို့ ပို့ဆောင်သည့် ကူးတို့သင်္ဘောလုပ်ငန်းကို အဆင့်မြှင့်တင်ရန်၊

(ဆ) မန္တလေး၊ ပခုက္ကူ၊ မိတ္ထီလာ၊ ကျောက်ပန်းတောင်း၊ ချောက်မြို့များနှင့် ဆက်သွယ်ထားသောကားလမ်းများ အဆင့်မြှင့်တင်ရန်နှင့် ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသနှင့် သင့်လျော်သောကားလမ်းအဆင့်မြှင့်တင်မှုများဆောင်ရွက်ရန်၊

(ဇ) ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်း မော်တော်ယာဉ်သွားလာမှုလမ်းကြောင်းများကို ကောင်းစွာလည်ပတ်နေစေအောင် စနစ်တကျစီမံဆောင်ရွက်ရန်၊ ကမ္ဘာလှည့်ခရီးသည်များ လွယ်ကူစွာသွားလာနိုင်ရေးအတွက် စီမံဆောင်ရွက်ပေးရန်၊

(ဈ) ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်း မော်တော်ယာဉ်ကြီးများ၊ မော်တော်ယာဉ်ငယ်များ၊ နှစ်ဘီးတပ်ယာဉ်များနှင့် စက်မဲ့ယာဉ်များအသုံးပြုနိုင်ရေးအတွက် စီမံဆောင်ရွက်ပေးရန်နှင့် ယင်းဒေသရှိ လူအသွားအလာများသော ရှေးဟောင်းအဆောက်အအုံများ၏ အပြင်ဘက်တွင် ယာဉ်ရပ်နားရန်နေရာများ စီစဉ်ပေးရန်၊

(ည) အရေးပေါ်အခြေအနေတွင် သူနာပြုယာဉ်နှင့် မီးသတ်ယာဉ်များ ပုံမှန်သွားလာနိုင်ရေးအတွက် လမ်းကြောင်းများ စီစဉ်ဆောင်ရွက်ထားရှိရန်၊

(ဋ) ကြားခံဒေသအတွင်းတွင် လူနေဧရိယာများနှင့် လေယာဉ်ကွင်း၊ ဘူတာရုံ၊ သင်္ဘောဆိပ်၊ အဝေးပြေးလမ်း၊ ယာဉ်ရပ်နားကွင်းတို့ကို ချိတ်ဆက်စီမံထားရှိပေးရန်နှင့်ပတ်ဝန်းကျင်ထိခိုက်မှုမရှိသည့် အများပြည်သူပို့ဆောင်ရေး လုပ်ငန်းများ စီစဉ်ပေးရန်၊

(ဌ) ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်း ခရီးသွားလာခြင်းဆိုင်ရာ အခြေခံအဆောက်အအုံများကို အနည်းဆုံးထားရှိရန်၊ လမ်းများချဲ့ထွင်ခြင်း၊ အသစ်တည်ဆောက်ခြင်း၊ ပြောင်းလဲခြင်းတို့ ပြုလုပ်ရာတွင် အသေးစိတ်စီမံကိန်းများ ရေးဆွဲဆောင်ရွက်ရန်၊ ယင်းလုပ်ငန်းများ ဆောင်ရွက်ရာ၌ လယ်ယာမြေ အခြားနည်း အသုံးပြုခွင့် လျှောက်ထားခြင်းများနှင့် သက်ဆိုင်သော လုပ်ငန်းကိစ္စများတွင် လယ်ယာမြေဥပဒေနှင့်အညီ ခွင့်ပြုချက်များ ရယူဆောင်ရွက်စေရန်၊

(ဍ) ကြားခံဒေသအတွင်းရှိ လမ်းများ ပြုပြင်ပြောင်းလဲမှုပြုလုပ်ရာ၌ ရှေးဟောင်းအမွေအနှစ်များ၊ မြေပေါ် မြေအောက်ရှေးဟောင်းဝတ္ထုပစ္စည်းများကို ထိခိုက်မှုမရှိစေရေး သတိပြုဆောင်ရွက်ရန်၊

(ဎ) ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းရှိ လမ်း၏ မျက်နှာပြင်ကို လိုအပ်မှ ပြောင်းလဲရန်၊

(ဏ) ကြားခံဒေသတွင် ရှေးဟောင်းအမွေအနှစ်များနှင့် မြေအောက် ရှေးဟောင်းဝတ္ထုပစ္စည်းများကို ထိခိုက်မှုမရှိစေရေးအတွက် ကွန်ကရစ်နှင့်နိုင်လွန်ကတ္တရာ အသုံးပြုမှုကို မော်တော်ယာဉ်ကြီးများ သွားလာခွင့်ပြုသည့်နေရာ၌သာ ဆောင်ရွက်ရန်။

၆။ တိုင်းဒေသကြီးထိန်းသိမ်းရေးကော်မတီသည် ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်း အခြေခံအဆောက်အအုံများ၊ ဝန်ဆောင်မှုလုပ်ငန်းများနှင့်စပ်လျဉ်း၍ အောက်ပါအချက်များကို အခြေခံအချက်များအဖြစ် ကျင့်သုံးဆောင်ရွက်ရမည်-

(က) ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်း ရှေးဟောင်းရေမြောင်းနှင့် သဘာဝရေဆင်းမြောင်းများကို ထိန်းသိမ်း ကာကွယ်ထားရန်၊

(ခ) လူနေအခြေချနယ်မြေအတွင်းရှိ လမ်းမများနှင့် လမ်းသွယ်များတွင် ရေစီးရေလာကောင်းမွန်ရေးစီစဉ်ဆောင်ရွက်ရန်၊

(ဂ) မြေအောက်ရေမြောင်းတူးဖော်ခြင်းကို ရှေးဟောင်းအမွေအနှစ်များ ဘေးအန္တရာယ်ပြမြေပုံနှင့် ဦးစီးဌာန၏ စောင့်ကြည့်စစ်ဆေးမှုများအပေါ် အခြေခံ၍ဆောင်ရွက်ရန်၊ လိုအပ်ပါက အရေးပေါ်ကယ်ဆယ်ရေး ရှေးဟောင်းသုတေသနလုပ်ငန်း ပြုလုပ်ပြီးမှ ခွင့်ပြုရန်၊

(ဃ ) မြေအောက်ရှေးဟောင်းအမွေအနှစ်များမရှိသည့် နေရာများတွင် မိလ္လာအညစ်အကြေးများ စနစ်တကျ စွန့်ပစ်နိုင်ရေးအတွက် မိလ္လာကန်များ၊ ရေဆိုးထုတ်မြောင်းများကို စနစ်တကျစီမံဆောင်ရွက်ရန်၊

(င ) မြို့၊ ရွာများအတွင်း မြေအောက်ရှေးဟောင်းအမွေအနှစ်များ မရှိသည့်နေရာတွင် ရေသွယ်ပိုက်များ တပ်ဆင်ရန် မြေတူးလုပ်ငန်းလုပ်ကိုင်ပါက ရှေးဟောင်းအမွေအနှစ်များ ဘေးအန္တရာယ်ပြမြေပုံနှင့် စောင့်ကြည့်စစ်ဆေးမှုများပြုလုပ်ပြီး လိုအပ်ပါက အရေးပေါ်ကယ်ဆယ်ရေးရှေးဟောင်းသုတေသနလုပ်ငန်းပြုလုပ်ပြီးမှ ဆောင်ရွက်ခွင့်ပြုရန်၊ လူနေထိုင်ရာ အပြင်ဘက်တွင် ပိုက်များသွယ်တန်းပါက အမွေအနှစ်ထိခိုက်မှုဆန်းစစ်ချက်ပြုလုပ်ပြီးမှ ဆောင်ရွက်ခွင့်ပြုရန်၊

(စ ) ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်း လျှပ်စစ်မီးများသွယ်တန်းရာတွင် မီးကြိုးများကို လမ်းမ၊ လမ်းသွယ်များနှင့်အပြိုင်သွယ်တန်းရန်၊ လမ်းမ၊ လမ်းသွယ်များကို ဖြတ်၍ သွယ်တန်းခြင်းမပြုရန်၊ လျှပ်စစ်ကေဘယ်ကြိုးများကို လမ်းဘေးဝဲယာတွင် မြေမြှုပ်၍ သွယ်တန်းရန်၊ မလိုအပ်ပါက မြေကြီးကို တူးဖော်ခြင်းမပြုလုပ်ရန်၊

(ဆ) ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်း လျှပ်စစ်မီးသွယ်တန်းရာတွင် မြေတူးလုပ်ငန်း လုပ်ကိုင်ပါက ရှေးဟောင်းအမွေအနှစ်များ ဘေးအန္တရာယ်ပြမြေပုံနှင့်စိစစ်၍ အမွေအနှစ်ထိခိုက်မှုဆန်းစစ်ချက်ပြုလုပ်ပြီးမှ ဆောင်ရွက်ရန်၊ ယဉ်ကျေးမှုအမွေအနှစ်များ ထိခိုက်မှုရှိပါက အရေးပေါ်ကယ်ဆယ်ရေး ရှေးဟောင်းသုတေသနလုပ်ငန်း ဆောင်ရွက်ရန်၊ မီးအားမြှင့်စက်၊ ထရန်စဖော်မာ(Transformer)များ တည်ဆောက်ရန် လိုအပ်ပါက ယဉ်ကျေးမှုအမွေအနှစ်ဒေသ၏ မြင်ကွင်းကို ထိခိုက်မှုမရှိအောင် ဆောင်ရွက်ရန်၊ ယဉ်ကျေးမှုအမွေအနှစ်များနှင့် ရှေးဟောင်းအဆောက်အအုံများကို လျှပ်စစ်မီးသွယ်တန်းရာတွင် မြင်ကွင်းနှောင့်ယှက်မှုမရှိအောင် သတိပြုဆောင်ရွက်ရန်နှင့် သတ်မှတ်ချက်နှင့်ကိုက်ညီသည့် ဓာတ်တိုင်အမျိုးအစားကို အသုံးပြုရန်၊

(ဇ ) အများပြည်သူနှင့်သက်ဆိုင်သည့်နေရာများ၌ လျှပ်စစ်မီးသွယ်တန်းရာတွင် အဆိုပါဒေသ၏ မူလမြင်ကွင်းနှင့်ပတ်ဝန်းကျင်ကို မထိခိုက်စေရန်၊

(ဈ ) ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်း ပွဲတော်များနှင့် အခြားပွဲလမ်းသဘင်များတွင် လျှပ်စစ်မီးအသုံးပြုရာ၌ ကေဘယ်ကြိုးများကို မြင်သာမှုမရှိစေရေး ဖုံးကွယ်ထားရန်၊

(ည) ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်း ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် ဝန်ဆောင်မှုများအတွက် ကေဘယ်ကြိုးများသွယ်တန်းရာတွင် လမ်းမ၊ လမ်းသွယ်

များနှင့် အပြိုင်သွယ်တန်းရန်၊ လမ်းမ၊ လမ်းသွယ်များကိုဖြတ်၍ သွယ်တန်းခြင်း မပြုရန်၊ ကေဘယ်ကြိုးများကို လမ်းဘေးဝဲယာတွင်မြေမြှုပ်၍ သွယ်တန်းရန်၊ မလိုအပ်ပါက မြေကြီးကိုတူးဖော်ခြင်းမပြုလုပ်ရန်၊

(ဋ) ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်း ကေဘယ်ကြိုးများသွယ်တန်းရာတွင် မြေတူးလုပ်ငန်းလုပ်ကိုင်ပါက ရှေးဟောင်းအမွေအနှစ်ဘေးအန္တရာယ်ပြမြေပုံနှင့် စိစစ်၍ အမွေအနှစ်ထိခိုက်မှု ဆန်းစစ်ချက်ပြုလုပ်ပြီးမှ ဆောင်ရွက်ရန်၊ ယဉ်ကျေးမှုအမွေအနှစ်များ ထိခိုက်မှုရှိပါက အရေးပေါ်ကယ်ဆယ်ရေး ရှေးဟောင်းသုတေသနလုပ်ငန်းစီစဉ်ဆောင်ရွက်ရန်၊

(ဌ) ယဉ်ကျေးမှုအမွေအနှစ်များနှင့် ရှေးဟောင်းအဆောက်အအုံများကို ကေဘယ်ကြိုးများသွယ်တန်းရာတွင် မြင်ကွင်းကို နှောင့်ယှက်မှုမရှိအောင် ဆောင်ရွက်ရန်၊

(ဍ) ရေပိုက်လိုင်းများ၊ ဂက်စ်ပိုက်လိုင်းများ၊ ရုပ်သံဖမ်းတိုင်များ၊ လေအေးပေးစက်များနှင့် စက်ကိရိယာများ တပ်ဆင်အသုံးပြုရာတွင် ပေါ်လွင်ထင်ရှားမှုမရှိအောင် ဆောင်ရွက်ရန်၊

(ဎ) အမှိုက်များ စနစ်တကျစွန့်ပစ်နိုင်ရေးအတွက် စည်းကမ်းချက်များ သတ်မှတ်၍ အမှိုက်စွန့်ပစ်ရန်နေရာများ သတ်မှတ်ပေးရန်၊ မှန်၊ သတ္တု၊ ပလပ်စတစ်စသည့် ပြန်လည်အသုံးပြုနိုင်သည့် ပစ္စည်းများ၊ စွန့်ပစ်ရန်အမှိုက်များစသည်ဖြင့် အမှိုက်အမျိုးအစား ခွဲခြားစွန့်ပစ်နိုင်ရေးဆောင်ရွက်ရန်၊ ပြန်လည်အသုံးချနိုင်သည့် နည်းစနစ်ကို ပိုမိုသုံးစွဲနိုင်ရေးအတွက် အမှိုက်ပုံးများကို ဒေသနှင့်လိုက်လျောညီထွေသော ဒီဇိုင်းများအသုံးပြု၍ လိုအပ်သောနေရာများတွင် စနစ်တကျချထားပေးရန်နှင့် ပုံမှန်အမှိုက်သိမ်းသည့်စနစ်ကို ဆောင်ရွက်ရန်နှင့် သီးနှံအကြွင်းအကျန်၊ အမှိုက်နှင့်စွန့်ပစ်ပစ္စည်းများကို မြေဆွေးပုံများ ပြုလုပ်၍ရရှိသည့် သဘာဝမြေသြဇာများကို လယ်ယာမြေများတွင် ထည့်သွင်းသုံးစွဲခြင်းဖြင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆောင်ရွက်ရန်။

၇။ တိုင်းဒေသကြီးထိန်းသိမ်းရေးကော်မတီသည် ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်း ဆောင်ရွက်မည့် စိုက်ပျိုးရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ အောက်ပါတို့ကိုအခြေခံအချက်အဖြစ် ကျင့်သုံးရန် စိစစ်ကြပ်မတ်ရမည်-

(က) မြေယာရှုခင်းများကို ထိန်းသိမ်းရန်၊ မြေပေါ်၊ မြေအောက်အမွေအနှစ်များအနီးရှိ လယ်ယာမြေများတွင် ယဉ်ကျေးမှုအမွေအနှစ်များကို မထိခိုက်အောင် ဆောင်ရွက်ရန်၊

(ခ) ရိုးရာအစဉ်အလာစိုက်ပျိုးသော ရာသီ သီးနှံများကို ပိုမိုစိုက်ပျိုးရန်၊ မြေပဲ၊ နှမ်းနှင့် ရာသီ သီးနှံတို့ကို အရည်အသွေးမြှင့်တင်နိုင်ရေးအတွက် ဆောင်ရွက်ရန်၊ ရာသီ သီးနှံ အမျိုးအစားမှ အခြားသီးနှံအမျိုးအစားသို့ ပြောင်းလဲစိုက်ပျိုးလိုပါက မြေပေါ်၊ မြေအောက်အမွေအနှစ်များကို ထိခိုက်မှုမရှိစေရေးနှင့် မြင်ကွင်းနှောင့်ယှက်မှု မရှိစေရေးတို့ကို ဆောင်ရွက်ရန်၊

(ဂ) ဆည်မြောင်းနှင့်ရေစီမံခန့်ခွဲမှုနှင့်စပ်လျဉ်းသည့် စီမံချက်ရေးဆွဲခြင်း၊ အစက်ချရေသွင်းခြင်း အစရှိသည့် သဘာဝပတ်ဝန်းကျင် အခြေအနေများနှင့် မြေပေါ်၊ မြေအောက် အမွေအနှစ်များအား မထိခိုက်စေနိုင်သော စနစ်များကို အသုံးပြုရန်၊ ကြားခံဒေသတွင် ဆည်မြောင်းစနစ်များကို အဓိကထား၍ အသုံးပြုရန်၊ မြေအောက်ရေ စုပ်ထုတ်အသုံးပြုခြင်းကို တတ်နိုင်သမျှလျှော့ချရန်၊

(ဃ) ထွန်ယက်စိုက်ပျိုးခြင်းများ ပြုလုပ်ရာတွင် နွားများဖြင့်သာထွန်ယက်စိုက်ပျိုးရန်၊ စက်ကိရိယာများ အသုံးပြုပါက မြေအောက်အနက်တွင်ရှိသော ရှေးဟောင်းအမွေအနှစ်များ ထိခိုက်မှုမရှိမှ အသုံးပြုခွင့်ပေးရန်၊

(င) သစ်ပင်ကြီးများနှင့်အပင်ငယ်များ စိုက်ပျိုးခြင်းနှင့်စပ်လျဉ်း၍ ယခင်တည်ရှိခဲ့သော သစ်ပင်ခြုံနွယ်များနေရာတွင် အလားတူအရွယ်အစားရှိသည့် အပင်များအစားထိုးစိုက်ပျိုးရန်၊ ယာမြေနယ်နိမိတ်သတ်မှတ်၍ စိုက်ပျိုးရန်နှင့် ထန်းပင်များကိုအဓိကစိုက်ပျိုးရန်၊ ထန်းပင်မဟုတ်သည့် အခြားသစ်ပင်များစိုက်ပျိုးခြင်း၊ အထွေထွေစိမ်းလန်းစိုပြည်ရေးစီမံကိန်းများ ပြုလုပ်ခြင်းတို့ကို ယဉ်ကျေးမှုအမွေအနှစ်များတည်ရှိရာဒေသတွင် မြေပေါ်၊ မြေအောက်အမွေအနှစ်များ ထိခိုက်မှုမရှိမှပြုလုပ်ရန်နှင့် ကြားခံဒေသတွင် ယင်းဒေသနှင့်သင့်လျော်မှုရှိသော စိုက်ပျိုးခြင်းများကို ဆောင်ရွက်ရန်။

၈။ တိုင်းဒေသကြီးထိန်းသိမ်းရေးကော်မတီသည် ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်း ဆောင်ရွက်မည့် သဘာဝပတ်ဝန်းကျင်ကာကွယ်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ အောက်ပါတို့ကို အခြေခံအချက်အဖြစ် ကျင့်သုံးရန် စိစစ်ကြပ်မတ်ရမည်-

(က) သဘာဝကုန်းမြေဒေသများအား မြေလွှာတိုက်စားမှုမဖြစ်စေရန် သင့်လျော်သော ကာကွယ်မှုများ ပြုလုပ်ပေးရန်၊

(ခ) ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသနှင့်ဆက်စပ်လျက်ရှိသော ဧရာဝတီမြစ်ကို ညစ်ညမ်းမှုမဖြစ်စေရေး၊ ကမ်းပါးပြိုမှုမဖြစ်စေရေး လိုအပ်သော ကာကွယ်စောင့်ရှောက်မှုများကို ဆောင်ရွက်ရန်၊ ယဉ်ကျေးမှုအမွေအနှစ်များတည်ရှိရာဒေသအတွင်းရှိ ဧရာဝတီမြစ်ကမ်းဘေးတွင် ဖွံ့ဖြိုးမှုဆိုင်ရာတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းမပြုရန်၊ ကြားခံဒေသအတွင်းရှိ ဧရာဝတီမြစ်ကမ်းတစ်လျှောက်တွင် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းရှိ ကျွန်းများတွင် ရိုးရာနှင့် ယာယီအဆောက်အအုံများ ဆောက်လုပ်ခြင်းတို့ကို ခွင့်ပြုရန်၊ မြေရင့်များဖြစ်သော ကျွန်းမြေများတွင် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ လယ်ယာမြေအခြားနည်း အသုံးပြုခွင့်လျှောက်ထားခြင်းများနှင့် သက်ဆိုင်သော လုပ်ငန်းကိစ္စများတွင် လယ်ယာမြေဥပဒေနှင့်အညီ ခွင့်ပြုချက်များ ရယူဆောင်ရွက်စေရန်၊

(ဂ ) သဘာဝရေအရင်းအမြစ်များဖြစ်သည့် မြစ်ချောင်း၊ အင်းအိုင်နှင့် ကန်များ၊ ရှေးဟောင်းရေအရင်းအမြစ်များဖြစ်သည့် ရေသိုလှောင်ကန်များနှင့် ကျိုးများကို ကာကွယ်ထိန်းသိမ်းရန်၊ ရှေးဟောင်းရေမြောင်းနှင့်သဘာဝရေသွယ်ယူပေးဝေသည့်စနစ်များကို ထိန်းသိမ်းရန်နှင့်လိုအပ်ပါက ရေကြီးရေလျှံသည့် သဘာဝဘေး အန္တရာယ်ကို လျော့ချနိုင်ရေးအတွက် ပြန်လည်ဖော်ထုတ်အသုံးပြုနိုင်ရန်၊ ရေတွင်း၊ ရေကန်၊ ရေသိုလှောင်သည့်နေရာ မြစ်ချောင်း၊ သဘာဝရေထွက်ပေါက်၊ တူးမြောင်း၊ ရေပူစမ်း၊ ရေအရင်းအမြစ်နှင့်ရေကြောင်းတို့ကို မြေဖို့ခွင့်မပြုရန်။

၉။ တိုင်းဒေသကြီးထိန်းသိမ်းရေးကော်မတီသည် ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသရှိ မြေယာရှုခင်းနယ်မြေများအတွင်း ဆောင်ရွက်မည့် ပွဲတော်များ၊ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများ၊ ကြော်ငြာများနှင့်စပ်လျဉ်း၍ အောက်ပါတို့ကို အခြေခံအချက်များအဖြစ် ကျင့်သုံးဆောင်ရွက်ရမည်-

(က) ရာစုနှစ်ပေါင်းများစွာ ကျင်းပလာခဲ့သည့် ရိုးရာပွဲတော်များ၊ စီတန်းလှည့်လည်ပွဲများ၊ ဘုရားပွဲတော်များ၊ အများပြည်သူနှင့် သက်ဆိုင်သည့်နေရာများတွင် ကျင်းပသည့်ပွဲများကို အားပေးကူညီရန်နှင့် ဆက်လက်ကျင်းပခွင့်ပြုရန်၊

(ခ ) အများပြည်သူနှင့် သက်ဆိုင်သောနေရာများတွင် ပုဂ္ဂလိကစီးပွားရေးအတွက် ဆောင်ရွက်မည့်ကိစ္စများကို အသုံးပြုခွင့်မပြုရန်၊ ပတ်ဝန်းကျင်အနေအထား၊ ပုံသဏ္ဌာန်တို့ကို နှောင့်ယှက်ဖျက်ဆီးမှုမရှိသောနေရာတွင် ခွင့်ပြုရန်၊

(ဂ ) စီးပွားရေးအလို့ငှာ အသုံးပြုသောကြော်ငြာများ၊ ဆိုင်းဘုတ်များ၊ ပိုစတာများ၊ စာတမ်းချိတ်ဆွဲထားမှုများကို ယဉ်ကျေးမှုအမွေအနှစ်များတည်ရှိရာဒေသအတွင်း ခွင့်မပြုရန်၊

(ဃ) ကြားခံဒေသအတွင်း သတ်မှတ်သည့်နေရာများ၌ စည်းကမ်းချက်များနှင့်အညီ ကြော်ငြာများကို ခွင့်ပြုရန်။

သူရဦးအောင်ကို
ဥက္ကဋ္ဌ
အမျိုးသားအဆင့်ယဉ်ကျေးမှုအမွေအနှစ်ဒေသများ
ကာကွယ်ထိန်းသိမ်းရေးကော်မတီ

စာအမှတ်၊ ၂ / ၃ - ၁၁ /ယဉ်ကျေးမှု( ဖ၄၁၁ )
ရက်စွဲ၊ ၂၀၂၀ပြည့်နှစ်၊ နိုဝင်ဘာလ ၂၀ ရက်

<u>ဖြန့်ဝေခြင်း</u>
နိုင်ငံတော်သမ္မတရုံး
သမ္မတဦးစီးရုံး
ဒုတိယသမ္မတ(၁)ဦးစီးရုံး

ဒုတိယသမ္မတ(၂)ဦးစီးရုံး
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
ပြည်ထောင်စုလွှတ်တော်ရုံး
ပြည်သူ့လွှတ်တော်ရုံး
အမျိုးသားလွှတ်တော်ရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
ပြည်ထောင်စုဝန်ကြီးဌာနအားလုံး
ပြည်ထောင်စုရှေ့နေချုပ်ရုံး
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး
နေပြည်တော်ကောင်စီရုံး
တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့ရုံးများအားလုံး
နေပြည်တော်ကောင်စီ
မန္တလေးတိုင်းဒေသကြီးယဉ်ကျေးမှုအမွေအနှစ်များ ကာကွယ်ထိန်းသိမ်းရေးကော်မတီ
အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး
မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး
ညွှန်ကြားရေးမှူးချုပ်၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန
(မြန်မာနိုင်ငံပြန်တမ်းအပိုင်း(၁)တွင် ထည့်သွင်းဖော်ပြရန်ပေးပို့ပါသည်)
အနုပညာဦးစီးဌာန
ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန(အပိုမိတ္တူ ၅ စောင်)
သမိုင်းသုတေသနနှင့်အမျိုးသားစာကြည့်တိုက်ဦးစီးဌာန
အမျိုးသားစာကြည့်တိုက်(နေပြည်တော်)
ဌာနခွဲများ၊ ဝန်ကြီးရုံး

အမိန့်အရ-

(ကျော်ဦးလွင်)
အတွင်းရေးမှူး
အမျိုးသားအဆင့်ယဉ်ကျေးမှုအမွေအနှစ်ဒေသများ
ကာကွယ်ထိန်းသိမ်းရေးကော်မတီ